# ၁၃၉ ကြံ့ကြံ့ခံရပ်တည်နိုင်အောင် သူတို့ကို သင်ပေးပါ

(မဿဲ ၂၈:၁၉၊ ၂၀)

၁။ ယေဟောဝါ သိုးများအား သွန်သင်ရ၊
တိုးတက်ပုံ မြင်ရ၊ တို့ပျော်။
အမှန်တရားကိုယ်ပိုင်ဖြစ်ဖို့ ကြိုးစားစဉ်
ဘုရားလမ်းပြ၊ တို့တွေ့ရ။

*(ထပ်ကျော့ပိုဒ်)*
*ယေဟောဝါ၊ နားညောင်းတော်မူပါ။*
*သူတို့ကို ဂရုစိုက်ပေးပါ။*
*ယေရှုနာမအားဖြင့် ဆုတောင်း– သူတို့အောင်မြင်၊*
*ကြံ့ကြံ့ခံရပ်တည်နိုင်ပါစေ။*

၂။ သူတို့ယုံကြည်ခြင်းစမ်းသပ်ခံရ၊
နေ့တိုင်းတို့ဆုတောင်းပေးကြ။
ဂရုစိုက် သွန်သင်ပေးသောအခါ
သူတို့အားရှိ၊ ကောင်းချီးရ။

*(ထပ်ကျော့ပိုဒ်)*

၃။ ဘုရားနဲ့ သားတော်ပေါ် ယုံကြည်မှု၊
စိတ်ချမှု ခိုင်မာပါစေ။
နာခံမှု၊ ခံနိုင်ရည်တို့အားဖြင့်
အသက်ပြေးပွဲ ဆုရပါစေ။

*(ထပ်ကျော့ပိုဒ်)*

*snylpnw*-BU No. 139 1/15

(လု. ၆:၄၈; တ. ၅:၄၂; ဖိ. ၄:၁ တို့ကိုလည်းကြည့်ပါ။)

© 2015 Watch Tower Bible and Tract Society of Pennsylvania